# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့အစီအစဉ်

# [ ၁၁–၁–၂၀၁၃ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ အရ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တာဝန်များကို လွှတ်တော် အခွင့်အရေးကော်မတီမှ ဆက်လက်တာဝန်ထမ်းဆောင်ရန် လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **ပိတ်ထားသောစစ်တွေမှ ကျောက်တော်မီးရထားလမ်းအား မည်သည့်အချိန်တွင် ဖွင့်ပေးပါမည်နည်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ထားဝယ်အထူးစီးပွားရေးဇုန်များ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးခင်မောင်မြင့်၊ ဇီးကုန်း မဲဆန္ဒနယ်၏ **ဇီးကုန်းမြို့နယ် ရွာဝိုင်းကြီးကျေးရွာတွင် GSM မိုဘိုင်းရေဒီယို စခန်းအသစ်(၁)ခု တိုးချဲ့တပ်ဆင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်၏ **မိုးမောက်မြို့နယ်တွင် အခြားမြို့နယ်များနည်းတူ WCDMA, CDMA(450), GSM ဖုန်းလိုင်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **အရေးပေါ် သွေးလိုအပ်သူ ချို့တဲ့လူနာများအတွက် အကူအညီပေးနေသော စေတနာသွေးလှူရှင်များအတွက် သက်ဆိုင်ရာက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်သည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးကျန်ထွန်း၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ ကင်းကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့် ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း ထီးချိုင့်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ညောင်ပင်သာ တိုက်နယ် ဆေးရုံကို ဖွင့်လှစ်လိုပါ၍ ဆေးရုံအတွက် လိုအပ်သော ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ သတ်မှတ်ချက်နှင့်အညီ ခန့်ထားပေးရန်၊ ဆရာဝန်နေအိမ် ဝန်ထမ်းအိမ်ရာ အိမ်သာ (ဝန်ထမ်းသုံး/အများသုံး)များ ဆောက်လုပ်ပေးရန်နှင့် လိုအပ်သည့် ကျန်းမာရေး အထောက်အကူ ပစ္စည်းများ ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ အတိုးကြေးနွံနစ်ပြီး ဆင်းရဲမှုတိုးပွားရေးကိုရှေးရှုနေခြင်းမှ ကာကွယ်တားဆီးရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **နမ့်လှဆည် ဆောက်လုပ်ရေးစီမံကိန်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ရေကြီးနစ်မြုပ်လေ့ ရှိသော မြို့နယ်ဒေသများအလိုက် ကာကွယ်ရမည့် နည်းလမ်း များကို ဆောင်ရွက်ထားခြင်း၊ လုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများ လျာထားမှုရှိ/ မရှိနှင့် မျိုးအရန် သိုလှောင်ထားရှိမှု၊ ထိခိုက် ပျက်စီးသူ တောင်သူလယ်သမားများထံ အရန်မျိုး လက်ဝယ် ရောက်ရှိရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်** နှင့် စပ်လျဉ်း သည့်မေးခွန်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။